# TURNING STONE

ENTERPRISES

ချစ်ခင်လေးစားအပ်ပါသော အသင်းဝင်များ
အောက်တိုဘာ ၁ ရက်၊ ၂၀၂၃ ခုနှစ်တွင် စတင် အကျုံးဝင်သည်

# Oneida Nation Enterprises သည်
# TURNING STONE ENTERPRISES ဖြစ်လာမည်

## ကျွန်ုပ်တို့ အဘယ်ကြောင့် နာမည် ပြောင်းရသနည်း။

Turning Stone Resort Casino အတွက် ကျွန်ုပ်တို့အတူတကွ ဖန်တီးထားသည့် ဂုဏ်သတင်းမှ အကျိုးကျေးဇူးခံစားနိုင်ရန် လက်လီ၊ ဂိမ်း၊ ပျော်ဖက်ရှင်နယ် ဝန်ဆောင်မှုများ၊ အပန်းဖြေမှုနှင့် နည်းပညာအနှံ့အပြားရှိ ကျွန်ုပ်တို့၏အမှတ်တံဆိပ်အားလုံးအတွက် အခွင့်အလမ်းတစ်ခုဖြစ်ပြီး ကျွန်ုပ်တို့၏ မျိုးဆက်တစ်ခုကျော် တည်ဆောက်ခဲ့သည့်အရာများမှ ဆုလာဘ်များရယူနိုင်ရန် ကျွန်ုပ်တို့၏ဌာနများနှင့် ဝန်ဆောင်မှုအားလုံးကို နေရာချထားပေးရန်ဖြစ်သည်။

## ကျွန်ုပ်တို့၏လုပ်ငန်းခွင်အတွက် ထိုအရာက ဘာကိုဆိုလိုသနည်း။

Turning Stone Enterprises သည် နာမည်တစ်ခုထက်ပိုပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏အဖွဲ့သားများနှင့် ဧည့်သည်များ၏ဘဝများ ကြွယ်ဝလာစေရန်၊ ဒေသတွင်းစီးပွားရေးတွင် ရင်းနှီးမြုပ်နှံမှုနှင့် Oneida Indian Nation ၏ ယနေ့နှင့် နောင်လာနောက်သားမျိုးဆက်များအတွက် ကြီးပွားတိုးတက်စေဖို့ ဆက်လက်လုပ်ဆောင်ရန် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းအတွက် ကတိကဝတ်တစ်ခုဖြစ်သည်။

## သင်နှင့် သင့်အသက်မွေးဝမ်းကြောင်းအတွက် ထိုအရာက ဘာကိုဆိုလိုသနည်း။

ဤပြောင်းလဲမှုသည် တိုးတက်မှုနှင့် အသွင်ကူးပြောင်းမှု၏ စိတ်လှုပ်ရှားဖွယ်အဆင့်ကို ဆိုလိုပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများအားလုံးသည် လူသိများသော၊ အလွန်လေးစားခံရသော ဆုရအမည်တစ်ခုနှင့် ဆက်နွှယ်နေခြင်းကြောင့် အကျိုးခံစားရမည်ဖြစ်သကဲ့သို့၊ သင်သည်လည်း အကျိုးခံစား ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အမှတ်တံဆိပ်အသစ်သည် ကြီးထွားလာသည်နှင့်အမျှ သင်၏ ပရော်ဖက်ရှင်နယ် (ကျွမ်းကျင်မှု) အလားအလာနှင့် တိုးတက်မှုကို တွန်းအားပေးမည့် ပိုမိုကျယ်ပြန့်သော အခန်းကဏ္ဍများနှင့် အခွင့်အလမ်းများကို မျှော်လင့်ပါ။

## ONE အတွက် မည်သို့နည်း။

Oneida Nation Enterprises စာမျက်နှာကို ကျွန်ုပ်တို့ဖွင့်လိုက်သည်နှင့်အမျှ ကျွန်ုပ်တို့သည် ONE နဖူးစည်းအောက်တွင် အတူတကွ ပြီးမြောက်အောင်မြင်ခဲ့သည့်အရာများအတွက် ထာဝရဂုဏ်ယူနေမည်ဖြစ်ပါသည်။ စိတ်ချပါ၊ အမည်ပြောင်းခြင်းသည် သင်၏ ပံ့ပိုးမှုများ သို့မဟုတ် သစ္စာစောင့်သိမှုကို လျော့ပါးစေမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် Turning Stone Enterprises သို့ ပြောင်းလဲလာသည်နှင့်အမျှ "We are ONE" ၏ ယဥ်ကျေးမှု၊ စိတ်အားထက်သန်မှုနှင့် စိတ်ဓာတ်တို့သည် ကျွန်ုပ်တို့နှင့်အတူ ရှိနေမည်ဖြစ်ပါသည်။

## နောက်ထပ် ဘာဖြစ်မည်နည်း။

အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်၍ Oneida Nation Enterprises သည် Turning Stone Enterprises ဖြစ်လာပါမည်။ အတွင်းပိုင်းလုပ်ငန်းစဥ်များနှင့်စနစ်များအတွက် အသစ်မွမ်းမံခြင်းများမှန်သမျှကို သေချာစွာကြိုတင်အကြောင်းကြားသွားမည်ဖြစ်ပြီး အောင်မြင်သော အကူးအပြောင်းအတွက် လိုအပ်သောပံ့ပိုးမှုများကို ပံ့ပိုးပေးပါမည်။ ကျွန်ုပ်တို့သည် ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုကို အားပေးသည်၊ ထို့ကြောင့် မည်သည့်မေးခွန်းများ သို့မဟုတ် အကြံပြုချက်ဖြင့် သင့်မန်နေဂျာထံ ဆက်သွယ်ပါ။

ရိုးသားစွာဖြင့်

Ray Halbritter

TURNING STONE ENTERPRISES